မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 20 , 2022 | Volume 55, Number 14

၂၀.၆.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၄၃ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၅၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၉၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၄၈.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၄.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၆၇.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၉၁.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၆.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၁၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၀၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၀.၃၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၃၅၆ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း ပြည်ပပို့ကုန်များအနက် ချုပ်ပြီးအထည်တင်ပို့မှုမှ ဒေါ်လာ ၁၁၇၄ သန်းကျော်ဖြင့် ဝင်ငွေအများဆုံးရရှိ

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း ပြည်ပသို့တင်ပို့သည့် ပို့ကုန်များအနက် ချုပ်ပြီးအထည်တင်ပို့မှုမှ ဒေါ်လာ ၁၁၇၄ သန်းကျော်ဖြင့် ဝင်ငွေအများဆုံးရရှိခဲ့ကြောင်း၊ ရာခိုင်နှုန်းအားဖြင့် စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ၂၆ ရာခိုင်နှုန်းကျော်ရှိကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်ချက်အရသိရသည်။ သဘာဝဓာတ်ငွေ့၊ ဆန်နှင့်ပဲမျိုးစုံစသည်တို့မှာလည်း အများဆုံးတင်ပို့နေသည့် ပို့ကုန်များဖြစ်သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုမှ ဒေါ်လာ ၁၁၇၄ ဒသမ ၈ သန်းရရှိခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်းက ဒေါ်လာ ၈၄၂ ဒသမ ၆ သန်းသာ ရရှိခဲ့သည်။ အဆိုပါကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်ကာလအတွင်းမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၃၃၂ ဒသမ ၂ သန်းပိုမိုရရှိခဲ့သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ပြည်ပသို့ အထည်ချုပ်တင်ပို့မှုမှ ဒေါ်လာ ၁၀၅၅ သန်းကျော်ရရှိခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်းက အထည်ချုပ်တင်ပို့မှုမှ ဒေါ်လာ ၈၈၉ ဒသမ ၇ သန်းရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါကာလတူနှစ်ခုတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်းမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၆၅ ဒသမ ၄ သန်း ပိုမိုရရှိခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်)တင်ပို့မှုမှ ဒေါ်လာ ၄ ဒသမ ၈ ဘီလျံနီးပါး ရရှိခဲ့သော်လည်း ယခင်နှစ်ကာလတူထက် ဒေါ်လာ ၆၃ သန်းကျော်လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို CMP လက်ခစားစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ EU နိုင်ငံတို့မှ CMP စနစ်ဖြင့် အော်ဒါအဓိကမှာယူနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

၂၀၁၈ ခုနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်) အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံစာရင်းကိုလေ့လာကြည့်ပါက အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဂျာမနီနိုင်ငံသို့ ဒေါ်လာသန်း ၉၃၀၊ ယူကေသို့ ဒေါ်လာ ၃၂၃ သန်း၊ စပိန်နိုင်ငံသို့ ဒေါ်လာ ၂၉၄ သန်း၊ ပြင်သစ်နိုင်ငံသို့ ဒေါ်လာ ၂၆၆ သန်း၊ ဒိန်းမတ်နိုင်ငံသို့ ဒေါ်လာ ၁၅၈ သန်း၊ အီတလီသို့ဒေါ်လာ ၁၅၇ သန်း၊ နယ်သာလန်နိုင်ငံသို့ ဒေါ်လာ ၁၄၅ သန်းအထိ တင်ပို့

ထားခြင်းဖြစ်သည်။ အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံအနက် ဂျပန်နိုင်ငံသို့ဒေါ်လာ ၈၃၄ သန်း၊ ကိုရီးယားသို့ဒေါ်လာ ၃၉၉ သန်း၊အမေရိကန်နိုင်ငံသို့ ဒေါ်လာ ၂၁၁ သန်းအထိတင်ပို့ထားသည်။မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုကိုလေ့လာကြည့်ပါက ၂၀၁၀ ပြည့်နှစ်၌ အထည်ချုပ်တင်ပို့မှုတွင် ဒေါ်လာ ၃၃၇ သန်းသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် သုံးဆအထိမြင့်တက်လာခဲ့ပြီး ဒေါ်လာတစ်ဘီလျံနီးပါးခန့် အထိရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံ၏အဓိကပို့ကုန်များဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်းစသည်တို့အနက် CMP စနစ်ဖြင့် အထည်ချုပ်တင်ပို့မှုမှာ ပြည်ပတင်ပို့မှုအများဆုံးဖြစ်ပြီး ငါးနှစ်အတွင်း လေးဆကျော်တိုးမြင့် တင်ပို့ထားသည်။ အထည်ချုပ် (ချုပ်ပြီးအထည်)သည် ပို့ကုန်ကဏ္ဍ၌ အတိုးတက်ဆုံးဖြစ်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်)တင်ပို့မှုသည် ဒေါ်လာ ၁ ဒသမ ၄၆ ဘီလျံအထိရှိလာပြီး မြန်မာနိုင်ငံ၏ စုစုပေါင်း ပို့ကုန်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းအထိရှိလာခဲ့ကြောင်း သိရသည်။ ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ချုပ်ပြီးအထည်တင်ပို့မှုမှ ဒေါ်လာ ၃၈၄၇ သန်းကျော်ရရှိခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/232635

## ရန်ကုန်စတော့ခ်အိတ်ချိန်းမှ စာရင်းဝင်အကြိုဈေးကွက် တည်ထောင်ရန် စီစဉ်လျက်ရှိ

ရန်ကုန်စတော့ခ်အိတ်ချိန်း (YSX) အနေဖြင့် လက်ရှိဆောင်ရွက်နေသည့် စာရင်းဝင်ဈေးကွက် (Main Board) အပြင် စာရင်းဝင်အကြိုဈေးကွက် Pre Listing Board (PLB) ကို မကြာမီကာလအတွင်း တည်ထောင်သွားရန် စီစဉ်လျက်ရှိကြောင်း ရန်ကုန်စတော့ခ်အိတ်ချိန်းမှ အမှုဆောင်အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက ဆင်ဟွာသို့ ယနေ့ ဇွန် ၁၇ ရက်တွင် ပြောသည်။

ဦးသက်ထွန်းဦးက "စာရင်းဝင်အကြိုဈေးကွက် Pre Listing Board ဈေးကွက်တည်ထောင်ခြင်းအားဖြင့် လက်ရှိရောင်းဝယ်နေတဲ့ စာရင်းဝင်ဈေးကွက် (Main Board) မှာ စာရင်းဝင်စံတွေနဲ့မပြည့်သေးတဲ့ ကုမ္ပဏီများအတွက် အရောင်းအဝယ်ပြုလုပ်နိုင်ဖို့ ဆောင်ရွက်ထားတဲ့ ဒုတိယဈေးကွက်တစ်ခုဖြစ်ပါတယ်'' ဟုပြောသည်။ အဆိုပါ စာရင်းဝင်အကြိုဈေးကွက် (Pre Listing Board) အား တည်ထောင်ပြီးပါက စတော့ခ်ဈေးကွက် ပိုမိုအသက်ဝင်လာနိုင်ကြောင်း ၎င်းကဆိုသည်။ "ဒီ PLB ကိုတည်ထောင်ခြင်းရဲ့ ရည်ရွယ်ချက်တွေကတော့ မြန်မာနိုင်ငံရဲ့ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ပြီးတော့ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းတွေ အထောက်အကူဖြစ်စေဖို့၊ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီတွေအနေနဲ့ အများပြည်သူကို ရှယ်ယာတွေထုတ်ဝေရောင်းချပြီးတော့ စတော့ခ်ဈေးကွက်ကို အလွယ်တကူဝင်ရောက်လာစေဖို့၊ ရန်ကုန်စတော့ခ်အိတ်ချိန်းရဲ့ စာရင်းဝင်စံတွေနဲ့ ပြည့်စုံနေတဲ့ကုမ္ပဏီတွေအနေနဲ့ဈေးကွက်ထဲကိုဝင်ရောက်ပြီးတော့ ရောင်းဝယ်ဖောက်ကားနိုင်ဖို့နဲ့ ရင်းနှီးမြှုပ်နှံသူတွေကို အကာအကွယ်ပေးနိုင်ဖို့ပဲ ဖြစ်ပါတယ်" ဟု ၎င်းကဆက်ပြောသည်။

ကုမ္ပဏီများအနေဖြင့် Pre Listing Board တွင် register ပြုလုပ်ထားမည်ဆိုပါက မိမိကုမ္ပဏီ၏ ရှယ်ယာများကို ရင်းနှီးမြှုပ်နှံသူများကရန်ကုန်စတော့ခ်အိတ်ချိန်း၏ trading platform ကနေတစ်ဆင့်အဆင်ပြေလွယ်ကူစွာ အရောင်းအဝယ်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ "ဒီ PLB နဲ့ ပတ်သက်ပြီး ဘယ်နေ့ဘယ်ရက် တည်ထောင်မယ်ဆိုတာနဲ့ပတ်သက်ပြီး အသေးစိတ် အချက်အလက်တွေကို သတင်းစာရှင်းလင်းပွဲလည်း ပြုလုပ်ဖို့ရှိပါတယ်'' ဟု ၎င်းကဆက်ပြောသည်။

**Source:** https://xinhuamyanmar.com/news/business/nm-2201706006/

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်လတာကာလအတွင်း ပြည်ပသို့ ပျားရည်မက်ထရစ်တန်ချိန် ၃၀၀ ကျော် တင်ပို့ထား

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်လတာကာလအတွင်း ပြည်ပသို့ ပျားရည်မက်ထရစ်တန်ချိန် ၃၀၀ ကျော်တင်ပို့ထားကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်၏ ပြောကြားချက်အရ သိရသည်။"ပျားရည်မက်ထရစ်တန်ချိန် ၃၀၈ ဒသမ ၀၅ တန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၆၂ သန်းရရှိခဲ့ပါတယ်။ ဧပြီနဲ့မေ နှစ်လတာကာလမှာ တင်ပို့တာဖြစ်ပါတယ်။ ပန်းပေါင်းစုံပျားရည်ကို တင်ပို့တာပါ" ဟု ဦးမျိုးတင့်ကပြောသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီနှင့်မေလ နှစ်လတာကာလအတွင်း ပျားရည်မက်ထရစ်တန်ချိန် ၃၀၈ ဒသမ ၀၅ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၆၂ သန်းရရှိခဲ့ကြောင်း၊ ပြည်ပသို့ ပုံမှန်ကုန်သွယ်ရေးမှ ပန်းပေါင်းစုံပျားရည်ကို တင်ပို့ခြင်းဖြစ်ကြောင်းသိရသည်။ မြန်မာ့ပျားရည်ကို ပြည်တွင်းစားသုံးမှုအပြင် ဂျပန်၊ တရုတ်၊ ထိုင်းနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သို့ တင်ပို့ကြောင်း၊ လက်ရှိတွင် ရွှေ့ပြောင်း ပျားမွေးမြူခြင်းများ လုပ်ကိုင်နေပြီး ဇူလိုင်လတွင် မိုးနှမ်းရရှိမည်ဖြစ်ကာ ယခုနှစ်တွင် စားသုံးဆီဖူလုံရန် နေကြာများပိုမိုစိုက်ပျိုးသည့်အတွက် နေကြာပျားရည်များလည်း ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ နေကြာပျားရည်သည် ပြည်ပရောင်းတမ်းဝင်သည့်အပြင် ဈေးကောင်းရသည့်အတွက် ပျားမွေးမြူသူများ အဆင်ပြေလာနိုင်ကြောင်း သိရသည်။

ပြည်ပသို့ ပျားရည်တင်ပို့မှုအနေဖြင့်၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလက ပျားရည်မက်ထရစ်တန်ချိန် ၁၀၇၀ ဒသမ ၂၅ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၀၄ သန်းရရှိခဲ့ကြောင်းသိရသည်။မြန်မာနိုင်ငံ၏ ပျားရည်ထွက်သည့်ကာလမှာ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာနှင့်ဒီဇင်ဘာလတို့ဖြစ်ပြီး နိုဝင်ဘာနှင့်ဒီဇင်ဘာလတို့သည် တောင်ပေါ်ပျားစာရရှိသည့် ကာလဖြစ်ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/26963

## ဂျင်းခရုမွေးမြူရေးသည် ထုတ်လုပ်မှုစရိတ်နည်းသည့်အတွက် မွေးမြူသူများအဆင်ပြေ


https://www.myawady.net.mm/node/26975

ပြည်တွင်းစားသုံးမှုအပြင် ထိုင်းနိုင်ငံသို့တင်ပို့သည့် ဂျင်းခရုမွေးမြူရေးသည် ထုတ်လုပ်မှုစရိတ်နည်းသည့်အတွက် မွေးမြူသူများ အဆင်ပြေလျက်ရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ညီတိုး၏ ပြောပြချက်အရ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ရေလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး တိုင်းဒေသကြီး အစိုးရမှ ပုစွန်မွေးမြူရေးနှင့် ကဏန်းမွေးမြူရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည့်အပြင် ဂျင်းခရုမွေးမြူရေးကိုလည်း လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။“ကျွန်တော်တို့ဆီမှာ ဂျင်းခရုကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါတယ်။ တိုင်းဒေသကြီးအစိုးရက မွေးမြူသူတစ်ဦးကို ဧက ၃၀ ခွင့်ပြုတယ်။ ဂျင်းခရုက အစာလည်းမကျွေးရတော့ ထုတ်လုပ်မှုစရိတ်နည်းတဲ့အတွက် အကျိုးအမြတ်ရှိတယ်။ ဒါကြောင့် ဒေသခံတွေကလည်း ပိုမိုမွေးမြူလာကြတယ်” ဟု ဦးအောင်ညီတိုးက ပြောသည်။

ဒေသခံများသည် ဂျင်းခရုကို သဘာဝနည်းဖြင့် နုန်းရှိသည့်နေရာများတွင် သဘာဝကရရှိသည့် သားပေါက်များကိုရယူပြီး မွေးမြူကြရာ အစာကျွေးရန်မလိုသည့်အတွက် မွေးမြူသူများအဆင်ပြေလျက်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ဂျင်းခရုကို ပြီးခဲ့သည့်ငါးနှစ်ခန့်က စတင်မွေးမြူခဲ့ရာ အဆင်ပြေသည့်အတွက် မွေးမြူသူများလာပြီး လက်ရှိတွင် မွေးမြူသူ ၆၀၀ ခန့်ရှိကြောင်း သိရသည်။

အဆိုပါဂျင်းခရုကို ဒေသတွင်းစားသုံးသည့်အပြင် မွန်ပြည်နယ်နှင့်ရန်ကုန်မြို့တို့သို့လည်း တင်ပို့ကြောင်း၊ ပြည်ပတင်ပို့မှုအနေဖြင့် ထိုင်းနိုင်ငံသို့တင်ပို့ကြောင်းသိရသည်။ ဂျင်းခရုမွေးမြူရေးသည် အစာမကျွေးရသောကြောင့် ထုတ်လုပ်မှုစရိတ်နည်းကာ အကျိုးအမြတ်ရှိသည့်အတွက် ဒေသခံများကလည်း ပိုမိုမွေးမြူလာခြင်းဖြစ်ကြောင်း၊ ဈေးနှုန်းအနေဖြင့် 1kg လျှင် ငွေကျပ် ၂၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/26975

## ရှမ်းပြည်နယ်တောင်ပိုင်း၌ စိုက်ပျိုးထွက်ရှိသည့် စိန်တစ်လုံးသရက်များ တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်းနေ


https://www.myawady.net.mm/node/26965

ရှမ်းပြည်နယ်တောင်ပိုင်း၌ စိုက်ပျိုးထွက်ရှိသည့် စိန်တစ်လုံးသရက်များ တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်းနေသောကြောင့် အရောင်းသွက်နေကြောင်း မူဆယ်မြို့ရှိ ခွာညိုသစ်သီးပွဲရုံမှ သိရသည်။

စိန်တစ်လုံးသရက်သည် ဧပြီလနှောင်းပိုင်းတွင် စတင်ထွက်ရှိလေ့ရှိသော်လည်း အီကွေတာအနီးအဝေးအလိုက် ထွက်ရှိချိန် နောက်ကျ၊ စောလေ့ရှိရာ လတ်တလောတွင် ရှမ်းပြည်နယ်တောင်ပိုင်းမှထွက်ရှိကာ မူဆယ်ဈေးကွက်သို့ ဝင်ရောက်နေခြင်းဖြစ်သည်။

"ရှမ်းပြည်နယ်တောင်ပိုင်းကထွက်ရှိတဲ့ စိန်တစ်လုံးတွေ အရောင်းသွက်နေပါတယ်။ အရင်နှစ်တွေကထက် ရောင်းအားကောင်းလာပါတယ်။ အပင်နဲ့အသီးပြုစုမှုမှာ တစ်ပန်းသာပြီး ပိုးမွှားကင်းစင်ပြီး အထားအသိုခံနိုင်ရည်ကလည်း အားသာပါတယ်" ဟု မူဆယ်မြို့ရှိ ခွာညိုသစ်သီးပွဲရုံမှ သစ်သီးရောင်းဝယ်ရေးလုပ်ကိုင်သူ တစ်ဦးကပြောသည်။

မူဆယ်ဈေးကွက်သို့ ယခုလ ဒုတိယပတ်မှစတင်ကာ ရှမ်းပြည်နယ်တောင်ပိုင်းမှထွက်ရှိသော စိန်တစ်လုံးသရက်များ အပြင် ကသာ၊ ထီးချိုင့်ဘက်မှလည်း ဝင်ရောက်ကြောင်း၊ သို့သော် ကသာ၊ ထီးချိုင့်ဘက်မှ ဝင်ရောက်သည့် သရက်များမှာ လမ်းခရီးကြာချိန်နှင့် ကိုင်တွယ်မှုအား နည်းချက်များကြောင့် အပုပ်အနာများပြီး ဈေးရရှိမှုနည်းပါးသဖြင့် နောက်ပိုင်းတွင် ဝင်ရောက်မှု နည်းပါးကြောင်း သိရသည်။

ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရပ်စောက်၊ ပင်းတယ၊ တောင်တလုံးနှင့် တောင်နီပအို့ စသည့်ဒေသများမှ စိန်တစ်လုံးသရက်များမှာ ယခုနှစ်အတွင်း ဈေးကောင်းရရှိခဲ့ကြောင်း၊ ဈေးကွက်စတင်ချိန် က 16kg တစ်ခြင်းလျှင် ယွမ် ၁၆၀ ဖြင့် ရောင်းချနိုင်ခဲ့ပြီး လတ်တလောတွင် 16kg တစ်ခြင်းလျှင် ယွမ် ၇၀ မှ ၁၁၀ အတွင်း ရရှိကြောင်းသိရသည်။

https://www.myawady.net.mm/node/26965

## အိန္ဒိယဂျုံတင်ပို့မှုကို ယူအေအီး လေးလကြာရပ်ဆိုင်း


https://www.foodindustrydirectory.com.mm

အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE) သည် ကမ္ဘာ့ဒုတိယအများဆုံး ဂျုံထုတ်လုပ်သည့် အိန္ဒိယနိုင်ငံမှထွက်ရှိသည့် ဂျုံနှင့်ဂျုံမှုန့်များ တင်ပို့မှုနှင့် တစ်ဆင့်ခံတင်ပို့မှုတို့ကို လေးလကြာရပ်ဆိုင်းရန် အမိန့်ထုတ်ထားသည်။

ပင်လယ်ကွေ့နိုင်ငံ ယူအေအီး၏ စီးပွားရေးဝန်ကြီးဌာနက ကမ္ဘာ့ဂျုံကုန်သွယ်မှု ပြတ်တောက်မှုများ ပေါ်ပေါက်နေသဖြင့် လေးလပိတ်ပင်ရခြင်း ဖြစ်ကြောင်း ပြောကြားသည်။ အိန္ဒိယနိုင်ငံက ဂျုံကို ယူအေအီး ပြည်တွင်းစားသုံးမှုအတွက် တင်ပို့ရန် ခွင့်ပြုထားကြောင်းလည်း ဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယက ဂျုံပြည်ပတင်ပို့မှုကို မေလ ၁၄ ရက်တွင် ရုတ်တရက်ပိတ်ပင်လိုက်သည်။ letters of credit (LCs) ဖွင့်ပြီးသား ဂျုံများကိုမူ ဆက်လက်တင်ပို့ရန်ခွင့်ပြုသည်။ ပြည်တွင်းစားသုံးမှု ဂျုံဖူလုံသည်မှာသေချာစေရန် ဂျုံပြည်ပတင်ပို့မှုကို ပိတ်ပင်ထားခြင်းဖြစ်သည်။ ပိတ်ပင်ခဲ့ပြီးနောက် ဂျုံတန်ချိန် ၄၆၉,၂၀၂ တင်ပို့ရန် ခွင့်ပြုခဲ့သည်။

မေလ ၁၃ ရက် မတိုင်ခင် ယူအေအီးသို့ တင်သွင်းခဲ့သည့်ဂျုံများကို ပြည်ပတင်ပို့ခြင်းနှင့် တစ်ဆင့်ခံပြည်ပတင်ပို့ခြင်း ပြုလိုသော ကုမ္ပဏီများသည် စီးပွားရေးဝန်ကြီးဌာနတွင် ခွင့်ပြုမိန့် အရင်လျှောက်ထားဖို့လိုအပ်သည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4613-uae-to-suspend-exports-of-indian-wheat-for-four-months.html

## မန္တလေးဈေးကွက်အတွင်း နှမ်းဝါ အရောင်းအဝယ်ကောင်းလာသောကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ဈေးနှုန်းမြင့်တက်လာ

မန္တလေးဈေးကွက်အတွင်း နှမ်းဝါအရောင်းအဝယ်ကောင်းမွန်လာသောကြောင့် ငွေကျပ် ၅၀၀၀ ဈေးနှုန်း မြင့်တက်လာကြောင်း ပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

မန္တလေးဈေးကွက်အတွင်း ယခုအခါ ကုန်သည်များက နှမ်းဝါဝယ်ယူမှုများကြောင်း၊ ထို့ကြောင့် မန္တလေးဈေးကွက်အတွင်း နှမ်းဝါဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

"အခုနှမ်းဝါက ပြည်တွင်းကောပြည်ပကပါ အဝယ်လိုက်တဲ့သီးနှံဖြစ်နေတယ်။ နှမ်းဝါကို ပြည်ပဘက်ကနေ မှာယူတာတွေလဲ ရှိပါတယ်။ အဓိကကတော့ ပြည်တွင်းဈေးကွက်အတွင်း အဝယ်အများဆုံးလို့ပြောလို့ရ ပါတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

ယခု ဇွန်လ ပထမပတ်က နှမ်းဝါ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ သာပေါက်ဈေး ရှိခဲ့သော်လည်း ယနေ့(ဇွန်-၁၇)တွင် နှမ်းဝါ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀ ထိ ပေါက်ဈေးရှိသဖြင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

"နှမ်းဝါက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကကောင်းလာတာကြောင့် ဈေးနှုန်းက တော်တော်လေး ပြန်တက်သွားတယ်။ နောက်ပိုင်း နှမ်းဝါတွေအရောင်းအဝယ်ပိုပြီး ကောင်းမွန်လာနိုင်တာကြောင့် ဈေးနှုန်းတွေ ဒီထက်အတက်ဘက်ရောက်ဖို့ရှိနေပါတယ်" ဟု ပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ပြည်မြို့ကုန်စည်ဒိုင်ပဲဈေးကွက်တွင် ပြည်ပဝယ်ယူမှုများသောပဲများထက် ပြည်တွင်းဝယ်ယူမှုရှိနေသောပဲများ အရောင်းအဝယ်ဖြစ်နေ



Source: ရတနာပုံသတင်းစာ

ပြည်တွင်းကုန်စည်ဒိုင်ပဲဈေးကွက်တွင် ပြည်ပဝယ်ယူမှုများသောပဲများထက် ပြည်တွင်းဝယ်ယူမှုရှိသောပဲများ အရောင်းအဝယ်ဖြစ်နေကြောင်း ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ ဇွန် ၁၆ ရက် သတင်းများအရ သိရသည်။

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၏ ပဲဈေးကွက်များ၌ ယခုနှစ်တွင် လက်လီရောင်းဝယ်မှုမြင့်တက်နေသဖြင့် ပြည်တွင်းဝယ်လက်များဝယ်ယူနေသည့် ပဲသီးနှံအားလုံးလိုလို ဈေးကောင်းရရှိနေကြောင်း၊ လက်ရှိတွင် ဗိုလ်ကိတ်ပဲနှင့် ပဲလွမ်းဖြူဝင်ရောက်မှု အနည်းငယ်ရှိနေပြီး လက်ကျန်ပဲများရှိနေသဖြင့် တစ်ရက်လျှင် အိတ် ၂၀ မှ ၃၀ ကျော်ထိ ရောင်းချပေးနေရပြီး ဈေးနှုန်းများအနေဖြင့် ဗိုလ်ကိတ်ပဲ တစ်တင်းလျှင် ငွေကျပ် ၃၆၀၀၀၊ ပဲလွမ်းဖြူတစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ထောပတ်ပဲနှင့်ပဲနီပြားများမှာ ဈေးကောင်းရရှိနေပြီး ထောပတ်ပဲတစ်တင်းလျှင် ငွေကျပ် ၄၆၀၀၀၊ ပဲနီပြားတစ်တင်းလျှင် ငွေကျပ် ၄၇၀၀၀ မှ ၅၀၀၀၀ ဈေးနှုန်းများဖြင့် လက်လီဈေးကွက်များမှ ဝယ်ယူမှုပိုမိုများပြားနေကြောင်း သိရသည်။

ပြည်ပဝယ်လက် အဓိကအားထားနေရသည့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံစသည့်ပဲများမှ မတ်ပဲတစ်မျိုးသာ ဝင်ရောက်မှု အနည်းငယ်ရှိကြောင်း၊ တစ်ရက်လျှင် မတ်ပဲအိတ် ၁၀၀ မှ ၂၀၀ ကျော်ထိ ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး တစ်တင်းလျှင် ငွေကျပ် ၄၇၅၀၀ ဈေးနှုန်းရှိကြောင်းသိရသည်။ ယခင်နှစ် ဇွန်လက မတ်ပဲတစ်တင်းလျှင် ငွေကျပ် ၃၄၅၀၀ ပေါက်ဈေး ရှိခဲ့ကြောင်း၊ ထို့ကြောင့် မတ်ပဲဈေးနှုန်းများမှာ ယခင်နှစ်ကထက် တစ်တင်းလျှင် ငွေကျပ် ၁၃၀၀၀ ခန့် မြင့်တက်ခဲ့ကြောင်း၊ ပဲစင်းငုံမှာ အဝင်မရှိသော်လည်း လှောင်ပဲလက်ကျန်ရှိနေသေးသဖြင့် ရန်ကုန်ဝယ်လက်များဝယ်ယူသည့်ရက်များတွင် အိတ် ၁၀၀ မှ ၂၀၀ ခန့်ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ရာသီချိန်ထွက်ပေါ်လာသည့် အာလူးများ အထွက်နှုန်းနည်းပါးသဖြင့် ဈေးကောင်းရရှိ



Source: ရတနာပုံသတင်းစာ

ယခုနှစ်အာလူးပေါ်ချိန်တွင် အထွက်နှုန်းနည်းပါးသည့်အတွက် ဈေးကောင်းရနေကြောင်း အာလူးစိုက်တောင်သူများနှင့် ကုန်သည်များထံမှသိရသည်။

ထို့အပြင် ယခင်နှစ်များက ပြည်ပမှဝင်ရောက်လေ့ရှိသည့် အာလူးများမှာလည်း လက်ရှိနယ်စပ်ကုန်သွယ်ရေးများ ကန့်သတ်ထားသည့်အတွက် ဝင်ရောက်ခြင်းမရှိတော့သောကြောင့် ဈေးကွက်ယှဉ်ပြိုင်စရာနည်းကာ ဈေးကောင်းရနေခြင်းဖြစ်သည်။

"အခုက စိုက်ကေလျော့ခဲ့တယ်။ ပုံမှန်ထက်သုံးပုံ ပုံရင် နှစ်ပုံလောက်ပဲ စိုက်ခဲ့ကြတယ်။ အထွက်နှုန်းလျော့ကျလို့ ဟိုအရင်နှစ်တွေထက် ဈေးကောင်းရတယ်။ ဟိုအရင်က ဒီအချိန်ဆို တရုတ်အာလူးတွေနဲ့ ဈေးကွက်ယှဉ်လုနေရတယ်။ အခုပြည်တွင်းစားသုံးမှုနဲ့ထွက်ရှိမှုလည်း ညီမျှနေတယ်လို့ ပြောလို့ရတယ်" ဟု အာလူးစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခင်နှစ်များက အာလူးတစ်ပိဿာ ကျပ် ၅၀၀ မှ အများဆုံး ကျပ် ၈၀၀ ခန့်သာရှိခဲ့ရာမှ လက်ရှိတွင် တစ်ပိဿာလျှင် ကျပ် ၁၃၀၀ မှ ၂၀၀၀ အထိရှိကြောင်းသိရသည်။ မြန်မာနိုင်ငံဈေးကွက်တွင် ၂၀၁၅ ခုနှစ်မှစပြီး တရုတ်အာလူးများ အရောင်းအဝယ်အေးကာ နှစ်စဉ်အရှုံးပေါ်ခြင်းဖြင့် ရင်ဆိုင်ခဲ့ရကြောင်းနှင့် ၂၀၂၀ ပြည့်နှစ်မှစတင်ကာ အာလူးစိုက်သည့် တောင်သူများလျော့နည်းသွားသလို စိုက်ကေများလည်း လျော့ကျခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"တရုတ်အာလူးကို မယှဉ်နိုင်လို့ နှစ်စဉ်ရှုံးခဲ့တာ။ တောင်သူတွေဆို သိပ်မစိုက်ကြတော့ဘူး။ ဒါကြောင့် အထွက်နှုန်းကျလာတယ်။ တရုတ်ဘက်ကို ကုန်သွယ်မှုပိတ်ထားတော့ ပြည်တွင်းအာလူးရှားပြီး အခုအမြင့်ဈေးရတာပေါ့" ဟု အာလူးစိုက်တောင်သူ ဦးမြင့်လွင်ကပြောသည်။

အာလူးကို ရှမ်းပြည်နယ်၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ မွန်၊ ကရင်၊ စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီးများတွင် အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

**Source: မြန်မာ့အလင်း**

## STOCK EXCHANGE (20.6.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Jun. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | -200 | -2.60% | 7,600 | 7,600 | 7,500 | 1,284 | 9,674,500 | 33,109,694 | 248,323 |
| MTSH | 00002 | 2,650 | -50 | -1.85% | 2,700 | 2,700 | 2,650 | 2,334 | 6,190,800 | 38,929,150 | 103,162 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 0 | 0 | 10,400,986 | 71,767 |
| FPB | 00004 | 17,500 | -500 | -2.78% | 17,500 | 17,500 | 17,500 | 50 | 875,000 | 2,472,053 | 43,261 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 100 | 255,000 | 12,823,224 | 32,699 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 19,977,223 | 50,942 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,800 | 4,800 | 4,800 | 165 | 792,000 | 10,497,598 | 50,388 |

### Market summary

As of 20th Jun. 2022

#### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 345.22 | -6.23 | -1.77% | 348.95 | 348.95 | 345.22 | 3,933 | 17,787,300 | 7 | 600,542 |

#### Index chart




## Market Overview

### Main Board

As of 1:00 pm, 20th Jun. 2022

| MYANPIX | 345.22 ▼ 6.23 |
|---|---|
| Total Volume (shares) | 3,933 |
| Total Value (MMK) | 18 mil |
| Listed Company | 7 |
| Market Cap. (MMK) | 600,542 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▼ 200 |
| MTSH | 00002 | 2,650 | ▼ 50 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 17,500 | ▼ 500 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |